# သမတအိမ်တော်၊ ရန်ကုန်မြို့

# ၁၉၆၀ခုနှစ်၊ကချင်ပြည်နယ်ပွဲကျင်းပပြသရာ အဆောက်အဦများတွင်ဆေးလိပ်သောက်ခြင်း တားမြစ်ရေး အက်ဥပဒေ။

**[၁၉၆၀ ခုနှစ်၊ ကချင်ပြည်နယ်အက်ဥပဒေအမှတ် ၁။]**

**၁၃၂၂ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်။**

**(၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကိုထုတ်ပြန်ကြေညာ သည်။
အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၆၀ ခုနှစ်၊ ကချင်ပြည်နယ်ပွဲကျင်းပပြသရာအဆောက်အဦများတွင် ဆေးလိပ်သောက်ခြင်းတားမြစ်ရေးအက်ဥပဒေ**ဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ ပြည်နယ်ဥက္ကဋ္ဌကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင်စတင်အာ ဏာတည်ရမည့်ပြင်ဒေသများပိုင်းခြားပြီးနေ့ရက်များကိုခွဲခြားသတ်မှတ်နိုင်သည်။

(၃) ဤအက်ဥပဒေသည်၊ ပြည်နယ်ဥက္ကဋ္ဌက အမိန့်ကြော်ငြာစာဖြင့် သီးခြားဖေါ်ပြသည့်ပွဲကျင်းပပြသ ရာ အဆောက်အဦ၊ သို့တည်းမဟုတ် ပွဲကျင်းပပြသရာအဆောက်အဦအမျိုးအစားများနှင့်သာ သက်ဆိုင် စေရမည်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့် ကျင်လျှင်-

(က) "ပွဲကျင်းပပြသခြင်း" ဆိုသည်မှာ အများပြည်သူတို့ထံမှ အခကြေးငွေယူ၍ရုပ်ရှင်၊ ပြဇာတ်၊ သို့ တည်းမဟုတ် ဇာတ်ပွဲပြသခြင်းကိုဆိုလိုသည်။

(ခ) "ပွဲကျင်းပပြသရာအဆောက်အဦ" ဆိုသည်မှာ၊ ပွဲကျင်းပပြသခြင်းအတွက် အသုံးပြုသောအ ဆောက်အဦကိုဆိုလိုသည်။

(ဂ) " ဆေးလိပ်သောက်ခြင်း" ဆိုသည့်စကားရပ်တွင် ဆေးလိပ်၊ ဆေးတံ၊ ဆေးခြောက်၊ သို့တည်းမ ဟုတ် မီးခိုးထွက်စေသည့်အခြားအရာဝတ္ထုများကိုမည်သည့်နည်းနှင့်မဆို မီးညှိ၍ သောက်ခြင်းဖြစ်စေ၊ ရှူခြင်းဖြစ်စေပါဝင်သည်။

(ဃ) "ပြည်နယ်ဥက္ကဋ္ဌ" ဆိုသည်မှာ ကချင်ပြည်နယ်ဥက္ကဋ္ဌကိုဆိုလိုသည်။

၃။ ။ မည်သူမဆို ပွဲကျင်းပပြသရာအဆောက်အဦ၏ ပွဲကျင်းပပြသသည့်ခန်းမဆောင်အတွင်း၌ ပွဲကျင်းပ ပြသခြင်းအတွက် အသုံးပြုနေစဉ် ဆေးလိပ်သောက်လျှင်-

(က) ပဌမအကြိမ်ကျူးလွန်သည့်ပြစ်မှုအတွက် နှစ်ဆယ့်ငါးကျပ်အထိငွေဒဏ်စီရင်ခြင်းခံရမည်၊ ထိုပြင်

(ခ) ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ် ကျူးလွန်သည့်ပြစ်မှုအတွက် ကျပ်တရာအထိငွေဒဏ် စီရင်ခြင်းခံရမည်။

၄။ ။ ရဲအုပ်ရာထူးအောက် မနိမ့်သောရဲအရာရှိတဦးသည်၊ ပုဒ်မ ၃ အရ ဖြစ်သောပြစ်မှုကို၊ မိမိမျက်မှောက်တွင်ကျူးလွန်သူမည်သူအားမဆို ဝါးရမ်းမပါဘဲဘမ်းဆီးနိုင်သည်။

**ခြွင်းချက်**။ ။ သို့ရာတွင် ဤပုဒ်မအရ ဘမ်းဆီးခြင်းခံရသူအား သက်ဆိုင်ရာတရားရုံးသို့လာရောက်ရန် ကိုယ်တိုင်ခံဝန်နှင့်ဖြစ်စေ၊ အခြားသင့်လျော်သောအာမခံနှင့်ဖြစ်စေ ဘမ်းဆီးခြင်းမှလွှတ်ရမည်။

၅။ ။ ပွဲကျင်းပပြသရာ အဆောက်အဦတွင် ကျင်းပပြသသည့်ပွဲကို ကြီးကြပ်အုပ်ချုပ်ရန်တာဝန်ရှိသူ အသီးသီးသည်၊ အဆိုပါအဆောက်အဦ၏ပွဲကျင်းပပြသသည့်အခန်းမဆောင်၌ ပရိသတ်အတွက်သီးသန့် ထားသည့်နေရာများတွင် ပွဲကျင်းပပြသနေစဉ် ဆေးလိပ်သောက်သူမည်သူကိုမဆို ဝါးရမ်းမပါဘဲဘမ်း ဆီးခြင်းခံရမည့်ပြင် ငွေဒဏ်စီရင်ခြင်းလည်း ခံရမည်ဟူသောအကြောင်းကို ပရိသတ်သိရှိစေရန်အများ မြင်သာသည့်နေရာတွင် နှိုးဆော်စာဆွဲချိတ်ကပ်ထားခြင်းဖြင့်သော်၎င်း၊ အခြားနည်းအားဖြင့်သော်၎င်း ပရိသတ်သိရှိအောင် ပြုလုပ်ရမည်။

၆။ ။ မည်သူမဆို ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များကိုဆန့်ကျင်လျှင်၊ ကျပ်ငါးဆယ်ထိငွေဒဏ်စီရင်ခြင်းခံရ မည်။

၇။ ။ ပြည်နယ်ဥက္ကဋ္ဌသည်၊ ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) အရ၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၃) အရ ထုတ်ပြန်သည့် မည်သည့်အမိန့်ကြော်ငြာစာကိုမဆို အမိန့်ကြော်ငြာစာဖြင့်ပြင်ဆင်နိုင်သည်၊ သို့တည်းမဟုတ် ရုပ်သိမ်းနိုင် သည်၊ ယင်းသို့ရုပ်သိမ်းသည့်အခါအက်ဥပဒေရုပ်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံယေဘုယျ စကား ရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များသည်အကျိုးသက်ရောက်စေရမည်။

၈။ ။ ပြည်နယ်ဥက္ကဋ္ဌသည်၊ အမိန့်ကြော်ငြာစာဖြင့် ပွဲကျင်းပပြသရာအဆောက်အဦတခုခု၊ သို့တည်းမ ဟုတ် ပွဲကျင်းပပြသရာအဆောက်အဦအမျိုးအစားတခုခုကို စည်းကမ်းချက်များထား၍ဖြစ်စေ၊ စည်း ကမ်းချက်များမထားရှိဘဲဖြစ်စေ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်တခုခုနှင့် သက်ဆိုင်ခြင်းမှကင်းလွတ်ခွင့် ပြုနိုင်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၂၂ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်။

(၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်။)

အမိန့်အရ၊

သာထက်၊

နိုင်ငံတော်သမတ၏အတွင်းဝန်။

[အမှတ် ၇၉]